WFP statement on distributions in Rakhine State – 2 September 2017 (Corrected Version)

"WFP is aware of reports that it has halted food distributions in Myanmar's Rakhine state in the last day or so. In fact, WFP has not been able to distribute food in a number of locations in northern Rakhine since mid-July. Furthermore, WFP was unable to distribute food throughout Rakhine last week due to ongoing security challenges. This left a total of 250,000 people, including internally displaced persons and other vulnerable populations, without regular food assistance. WFP maintains a regular presence in the area and hopes to resume distributions as soon as possible."

*Correction clarifies that some distributions have been carried out in northern Rakhine since mid-July.*

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ စက်တင်ဘာလ ၂၊ ၂၀၁၇ ခုနှစ် ရက်စွဲပါ သတင်းထုတ်ပြန်ချက်ကို ပြင်ဆင်ထုတ်ပြန်ချက်

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ရခိုင်ပြည်နယ်အတွင်း စားနပ်ရိက္ခာများဖြန့်ဝေမှုကို ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ရပ်ဆိုင်းလိုက်ကြောင်း သတင်းများထွက်ပေါ်နေသည်ကို သိရှိရပါသည်။ အမှန်မှာ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ဇူလိုင်လလယ်မှစ၍ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အချို့သောနေရာများတွင် စားနပ်ရိက္ခာများဖြန့်ဝေနိုင်ခြင်း မရှိခဲ့ပါ။ ထို့ပြင် လုံခြုံရေးအခြေအနေများကြောင့် ပြီးခဲ့သည့် သီတင်းပတ်မှစ၍ ရခိုင်ပြည်နယ်တခုလုံးတွင် စားနပ်ရိက္ခာဖြန့်ဝေခြင်းများကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ထို့အတွက်ကြောင့် နေရပ်စွန့်ခွာနေရသူများနှင့် ဆင်းရဲနွမ်းပါးသော ပြည်သူများအပါအဝင် လူပေါင်း ၂၅၀၀၀၀ခန့် လစဉ်ပုံမှန်ထောက်ပံ့မှုများ မရရှိတော့ပဲဖြစ်နေပါသည်။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ရခိုင်ပြည်နယ်အတွင်း ပုံမှန်ဆက်လက်ရှိနေပြီး စားနပ်ရိက္ခာများထောက်ပံ့ခြင်းကို ဆောလျင်စွာ ပြန်လည် လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဇူလိုင်လလယ်မှစ၍ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် စားနပ်ရိက္ခာ ထောက်ပံ့ခြင်း အချို့ရှိခဲ့ကြောင်း ဤပြင်ဆင်ထုတ်ပြန်ချက်ဖြင့် ရှင်းလင်းတင်ပြခြင်းဖြစ်သည်။